**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**"သူနာပြု-သားဖွားဒီပလိုမာ( ၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း**
**ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း"**

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများတွင်၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက်(၁၅-၁၁-၂၀၁၉)ရက်နေ့တွင်ဖွင့်လှစ်မည့် သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ် သင်တန်းသို့ တက်ရောက်ရန် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ ( မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ( ၃ ) ဘာသာ ရမှတ်ပေါင်းကို မူတည်၍ ရွေးချယ်မည် ဖြစ်ပါသည်။)

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်၊ **(၂၀၁၉ ခုနှစ်၊ မတိုင်မီအောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၁၉ ခုနှစ်၊ မတ်လ တွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်းမပြုရ။)**

(ဂ) လျှောက်လွှာ ပိတ်သည့်( ၁၇ -၇-၂၀၁၉ )ရက်နေ့တွင်အသက်( ၂၅ )နှစ်ထက် မကြီးရ။ **( အခြေခံပညာအထက်တန်း / တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ် အတိုင်းသာ အတည်ပြုမည်)။**

(ဃ) ဖြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(င) အိမ်ထောင်မရှိသူ (အပျို / လူပျို) ဖြစ်ရမည်။

(စ) အနည်းဆုံးအရပ်( ၅ )ပေ ရှိရမည်။

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဈ) သင်တန်းတက်ရောက်စဉ် ပညာသင်ထောက်ပံ့ကြေး ( ၁ ) လလျှင် ကျပ်( ၃၀၀၀၀/-) (ကျပ်သုံးသောင်း)တိတိ ချီးမြှင့်မည်ဖြစ်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သူနာပြု-သားဖွားဒီပလိုမာ( ၃ )နှစ်သင်တန်း အတွက် ကျပ် ( ၈၀၀၀၀၀/-) ( ကျပ်ရှစ်သိန်းတိတိ )၊ ဘက်စုံသားဖွားဒီပလိုမာ ( ၂ )နှစ် သင်တန်း အတွက် ကျပ်( ၃၀၀၀၀၀/-)(ကျပ်သုံးသိန်းတိတိ)ပေးလျော်နိုင်သူ ဖြစ်ရမည်။

(ည) သင်တန်းအောင်မြင်ပြီး(အမှတ်ဖြင့်/အထူးကိစ္စရပ်ဖြင့်ရွေးချယ်) သူများကို နိုင်ငံ့ဝန်ထမ်း အဖြစ်ခန့်အပ်ပါက မည်သည့် ဒေသတွင်မဆို/ လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ပြည်နယ် တွင် အနည်းဆုံး(၃)နှစ် **မပျက်မကွက်** တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံကတိ ရေးထိုးရမည် ဖြစ်သည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို( **မည်သည့် တိုင်းဒေသကြီး / ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တွင်မဆို** )ရယူပြီး ပြည့်စုံ၊တိကျ၊ပီသစွာ ဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများ နှင့်အတူ ပူးတွဲပြီး **အခြေခံပညာ အထက်တန်း/ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် စာစစ်ဌာန တည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန**သို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (**၁၇-၇-၂၀၁၉**) ရက်ထက် နောက်မကျစေဘဲ လျှောက်ထား ရမည်။(**နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက် လျှောက်ထားခြင်း မပြုရ)**

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲပေးပို့ရမည်-

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့်အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်လက်မှတ်( **မိတ္တူ** ) ( **၁** )**စောင်**။

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ရမှတ်စာရင်း(**မူရင်း** ) ( **၁** ) **စောင်**။

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား ( **မိတ္တူ** ) ( **၁** )**စောင်**။

၄။ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း ထောက်ခံစာ(**မူရင်း**)(**၁**)**စောင်**။

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျို ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် ( သို့ ) ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ (**မူရင်း**) (**၁**)**စောင်**။

၆။ ကျန်းမာရေးကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ( **မူရင်း** ) (**၁**)**စောင်**။

၇။ ဌာနဆိုင်ရာ ဝန်ထမ်းဖြစ်လျှင်( သင်တန်းတက်ခွင့် ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့် ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ(**မူရင်း**) ( **၁** )**စောင်**။

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓါတ်ပုံ( ၁)ပုံ ကပ်ပြီး ပေးပို့ရမည်။
( ၆-လ အတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓါတ်ပုံ ဖြစ်ရမည်။ ဓါတ်ပုံနောက်ကျောတွင် လျှောက်ထားသူ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်အမှတ်၊ မိဘအမည်၊ နေရပ်များ ရေးရမည်။)

**(မှတ်ချက်။ ။ထောက်ခံစာများအားလုံးတွင်ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံး တံဆိပ်ဝိုင်း ပါရှိရမည်။)**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်း ကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင် ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ် / အကြီးအကဲ၏ **ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။( သင်တန်းတက်စဉ်ကာလအတွင်းအခြားမည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝ တက်ခွင့်မပြုပါ)။**

၅။ အောက်ပါအချက်များနှင့်ငြိစွန်းသည့်လျှောက်လွှာကိုရွေးချယ်ရေးလုပ်ငန်းစဉ်တွင်လုံးဝ**(လုံးဝ)** ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်း မရှိသည့် လျှောက်လွှာများ။

(ခ) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများ၊(လျှောက်လွှာစိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရမည်ဖြစ်၍)

(ဃ) လျှောက်လွှာ ပိတ်ရက်ထက် နောက်ကျ ပေးပို့သည့် လျှောက်လွှာများ။

၆။ **သင်တန်း တက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။**

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

(ဂ) တက်ခွင့်ရသည့်သက်ဆိုင်ရာ သင်တန်းကျောင်းများ။

**( မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး(၂)ပတ်အတွင်းသတင်းပို့တက်ရောက်ခြင်း မရှိက သင်တန်းတက်ခွင့် စာရင်းမှ ပယ်ဖျက်မည်ဖြစ်သည်။ )**

၇။ သင်တန်းတက်ခွင့်ရရှိပါကတက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် **သင်တန်းကျောင်း၏ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံကျန်းမာရေးစစ်ဆေးမည်ဖြစ်ပြီးဆေးစစ်ချက် အောင်မြင်မှသာ သင်တန်းတက်ခွင့် အတည်ပြုမည်**ဖြစ်သည်။

၈။ အသေးစိတ်သိလိုပါကအောက်ပါ ဌာနများတွင်ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

(ခ) နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
(သူနာပြုဌာန)(ဖုန်း-၀၆၇-၄၁၁၁၄၈၊၄၁၁၁၄၉၊လိုင်းခွဲ-၈၀၈၊၈၃၀)။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**